## FMI မန္တလေးရုံးခွဲ ပိတ်သိမ်းခြင်း

ဖတ်(စ်)မြန်မာအင်ဗက်(စ်)မဲ့(န်)ကုမ္ပဏီလီမိတက် ("ကုမ္ပဏီ" နှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီခွဲများစုပေါင်း၍ "ကုမ္ပဏီအုပ်စု") ဒါရိုက်တာအဖွဲ့သည် ကုမ္ပဏီ၏ မန္တလေးရုံးခွဲအား ၂၀၁၇ ခုနှစ်၊ ဧပြီလ (၂၈)ရက်နေ့တွင် ပိတ်သိမ်းမည် ဖြစ်ကြောင်းကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၅)ရက်၊ မတ်လ (၁၅)ရက်၊ မတ်လ (၂၅)ရက်၊ မတ်လ (၂၇)ရက် နှင့် ဧပြီလ (၂၄)ရက် တို့တွင် ထုတ်ဝေခဲ့သော ပြည်သူ့ပိုင်သတင်းစာများတွင် ကြေညာခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ မန္တလေးရုံးခွဲကို မန္တလေးမြို့နှင့် မြန်မာနိုင်ငံအထက်ပိုင်းတွင် နေထိုင်ကြသည့် အစုရှယ်ယာရှင်များအနေဖြင့် ကုမ္ပဏီ၏ အစုရှယ်ယာများအား over-the-counter ဖြင့် အရောင်းအဝယ်ပြုရာတွင် အထောက်အကူပြုနိုင်ရန်အတွက် ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ပါသည်။ FMI ကုမ္ပဏီသည် ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီဖြစ်လာပြီးနောက် အီလက်ထရောနစ်အရောင်းအဝယ်စနစ်သို့ ပြောင်းလဲခဲ့ပြီးဖြစ်သဖြင့် အဆိုပါ မန္တလေးရုံးခွဲအား ဖွင့်လှစ်ထားရှိရန် မလိုအပ်တော့သဖြင့် ပိတ်သိမ်းရမည် ဖြစ်ပါသည်။

ကုမ္ပဏီအစုရှယ်ယာများ ရောင်းဝယ်ခြင်းနှင့်ပတ်သက်၍ မေးမြန်းစုံစမ်းလိုသည်များရှိပါက ခွင့်ပြုချက်လိုင်စင်ရ ငွေချေးသက်သေခံလက်မှတ် ရောင်းဝယ်ရေးကုမ္ပဏီများသို့ ဆက်သွယ်မေးမြန်းပါရန် အစုရှယ်ယာရှင်များအား တိုက်တွန်းအပ်ပါသည်။

ထို့ပြင် အစုရှယ်ယာရှင်များအနေဖြင့် ကုမ္ပဏီရုံးချုပ်သို့ အောက်ဖော်ပြပါလိပ်စာအတိုင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

FMI Centre ၊ ၁၀-လွှာ၊
၃၈၀ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း (၀၁) ၂၄၀ ၃၆၃

ဒါရိုက်တာအဖွဲ့၏အမိန့်အရ

ထွန်းထွန်း

အမှုဆောင်ဒါရိုက်တာ

၂၀၁၇ ခုနှစ်၊ ဧပြီလ (၂၅)ရက်။


**FIRST MYANMAR INVESTMENT CO., LTD.**
YSX Code 00001
FMI Centre, 10th Floor
380 Bogyoke Aung San Road
Yangon, Myanmar
Tel: (01) 240363
www.fmi.com.mm